# ၁၂နာရီကြာ ဆီးစုဆောင်းပုံ အဆင့်ဆင့်

၎င်းစစ်ဆေးမှု၏ တိကျမှန်ကန်မှုသည် ဆီးနမူနာ စုဆောင်းရာ၌ တိကျမှန်ကန်မှုပေါ် မူတည်သည်။

၁။ ၁၂နာရီကြာ ဆီးစုဆောင်းမှုစတင်ချိန်တွင် ဆီးသွားပါ။ ထို့နောက် ၎င်းဆီးနမူနာကို စွန့်ပစ်လိုက်ပါ (သွန်ပစ်လိုက်ပါ)။ **ထိုသို့ပြုလုပ်နေသည့်အချိန်ကို မှတ်သားထားပါ။**

၂။ ၎င်းအချိန်မှစ၍ ဆီးသွားသည့်အခါတိုင်း သန့်စင်သောခွက် တစ်ခုအတွင်းသို့ ဆီးစွန့်ပြီး ၎င်းတို့ကို ခွက်အကြီးထဲသို့ ပြောင်းထည့်ခြင်း အားဖြင့်ဆီးအားလုံးကို စုဆောင်းပါ။ **၎င်းခွက်ကြီးထဲသို့ တိုက်ရိုက်ဆီးမစွန့်ရပါ။**

၃။ ၁၂နာရီကြာ ဆီးစုဆောင်းမှုအချိန် မပြီးဆုံးခင် နောက်ဆုံးဆီးသွားရန် ကြိုးစားပါ။ ၎င်းဆီးကိုလည်း ခွက်ထဲသို့ ပေါင်းထည့်ပါ။

၄။ ဓါတ်ခွဲခန်းသို့ တတ်နိုင်သမျှ အမြန်ဆုံး ယူဆောင်လာပါ။

ဆီးစုဆောင်းနေစဉ် ကာလတစ်လျှောက်၌ ဆီးများကို **အေးခဲအောင်ထားပြီး** ၎င်းတို့ကို ဓါတ်ခွဲခန်းသို့ပို့ရန် အဆင့်သင့်မဖြစ်မခြင်း ထိုအတိုင်းပဲ ရှိနေပါစေ။

**အကယ်၍ ဆီးစုဆောင်းမှု မစတင်ခင် ခွက်တွင်အမှတ်အသားတံဆိပ် မတပ်ရသေးပါက**
လူနာ၏တရားဝင် နာမည်အပြည့်စုံ၊ အရပ်အမြင့်၊ ကိုယ်အလေးအချိန်၊ ဓာတ်ခွဲခန်း စစ်ဆေးမှု(များ) အမည်၊ စုဆောင်းသည့် နေ့စွဲ နှင့် အချိန်တို့ပါသည့် ကတ်ပြားကို ခွက်တွင်ကျေးဇူးပြု၍ ကပ်ပေးပါ။

ပက်လက်အနေအထားဖြင့်ဆီးစွန့်၍ စုဆောင်းခြင်းနှင့်ထိုင်လျက်သို့မဟုတ် မတ်တပ်အနေအားဖြင့် ဆီးစွန့်၍ စုဆောင်းခြင်း စသဖြင့်တောင်းဆိုမှုများ ရှိလာပါက ကျေးဇူးပြု၍ အောက်ဖော်ပြပါ အဆင့်များကို ထပ်ပေါင်း လုပ်ဆောင်ပေးပါ။

၁။ ပက်လက်အနေအထားဖြင့်ဆီးသွားစဉ် သို့မဟုတ် မတ်တပ် / ထိုင်လျက်အနေအထားဖြင့် ဆီးသွားစဉ် ဆီးစုဆောင်းပါဟု သင်၏ဆရာဝန်က တောင်းဆိုလာနိုင်သည်။

၂။ အကယ်၍ရင်း ၁၂ နာရီကြာ ဆီးစုဆောင်းမှု ကိုလဲလျောင်းနေစဉ်တွင်ဖြစ်စေ သို့မဟုတ် မတ်တပ် / ထိုင်လျက်တွင် ဖြစ်စေ စုဆောင်းပါက ထိုအကြောင်းကို ခွက်ပေါ်တွင် ကျေးဇူးပြု၍ ရေးပေးလိုက်ပါ။